
mgyoe.com

စိတ်ကူးချိုချိုအနုပညာ



# ဗုဒ္ဓအလိုကျလုပ်ငန်းရှင်နှင့် ဈေးကွက်စီးပွားရေး

ခင်မောင်ညို(ဘောဂဗေဒ)

mgyoe.com

ဒုတိယအကြိမ်

mgyoe.com

# ဗုဒ္ဓအလိုကျလုပ်ငန်းရှင်နှင့် ဈေးကွက်စီးပွားရေး

ခင်မောင်ညို(ဘောဂဗေဒ)



kmn0021

1200.00 Ks

mgyoe.com

mgyoe.com



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၂၉၄၀၃၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၄၈၀၇၀၈ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ဃ.န.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးနိုင်ဦး၊ ငွေပြည်တော် ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ - ၅၀၀ရိုက်နှိပ်ကာ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လတွင် တန်ဖိုး ၁၂၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



mgyoe.com

mgyoe.com

# မာတိကာ


– စာရေးသူ၏အမှာ ၇

– စကားဦး ၁၁

ပထမပိုင်း

ဗုဒ္ဓအလိုကျ လုပ်ငန်းရှင်

၁ ဗုဒ္ဓအလိုကျလုပ်ငန်းရှင်(၁) ၁၉

၂ ဗုဒ္ဓအလိုကျလုပ်ငန်းရှင်(၂) ၃၉

၃ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် ဓမ္မ ၆၂

ဒုတိယပိုင်း

ဈေးကွက်စီးပွားရေး

၄ ဈေးကွက်သုတေသန ၇၅

၅ ဝန်ဆောင်မှု ၈၆

၆ လူ့အဖွဲ့အစည်းသို့ ဦးတည်ရေး ၉၆


mgyoe.com

mgyoe.com

| | | |
|---|---|---|
| ၇ | ဝယ်လိုအားကို ခန့်မှန်းခြင်း | ၁၀၈ |
| ၈ | ဖောက်သည် | ၁၂၀ |
| ၉ | အနာဂတ်ကို ဦးတည်ပြိုင်ဆိုင်ခြင်း | ၁၃၁ |
| ၁၀ | ဈေးကွက်၌ ယှဉ်ပြိုင်မှု | ၁၄၂ |
| ၁၁ | နေရာ | ၁၅၃ |
| ၁၂ | ဈေးပြုပြင် | ၁၆၆ |

❑

mgyoe.com

mgyoe.com

## စာရေးသူ၏အမှာ

ယခု စာအုပ်သည် မြန်မာ့ဓနမဂ္ဂဇင်းတွင် ခန့်ခွဲ စီမံကဏ္ဍ၌ 'ဘယ်သူလာလို့ဝယ်ပါ့မယ်' ဟူသော ခေါင်းစဉ်ဖြင့် ၁၉၉၄ ခုနှစ် အောက်တိုဘာမှ ၁၉၉၅ ခုနှစ် နိုဝင်ဘာအထိ ဖော်ပြခဲ့သည့် ဆောင်းပါးများကို စုစည်းထားခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးအစုကိုရေးသားရာ၌ ကြိုတင်၍ ခွင်ချထားခြင်း မရှိဘဲ၊ စာရှုသူများ စိတ်ပါဝင်စားတန်ရာသည့် အကြောင်းအရာများ နောက်ကိုသာ လိုက်၍ ဘာသာရပ် ပြောင်းလဲ ရေးသားခဲ့ပါသည်။ နောက်ဆုံး၌ ဗုဒ္ဓအလိုကျ လုပ်ငန်းရှင် အကြောင်း ရေးသားရာတွင် လူကြိုက်များကြောင်းသိရသဖြင့်

mgyoe.com

ယခုအခါ 'ဗုဒ္ဓအလိုကျ လုပ်ငန်းရှင်' ကို အခန်းဆက် ရေးသားလျက် ရှိပါသည်။ အလျဉ်းသင့်လျှင် နောင်တွင် စာအုပ်သီးသန့် ဆက်လက်ထုတ်ဝေနိုင်ဖို့ပါ မျှော်လင့်ရပါသည်။

အလျဉ်းသင့်၍ ယခု ဆောင်းပါးများကို ရေးသားရာတွင် ထားရှိခဲ့သည့် စေတနာကို ဖော်ပြလိုပါသည်။

ကျွန်တော့် အသက်အရွယ်၊ ကျွန်တော့် အတိုင်းအတာနှင့် ပြောရလျှင် ကျွန်တော်တို့သည် တကယ့်ဈေးကွက်စီးပွားရေး စနစ်နှင့် ရင်းနှီးကျွမ်းဝင်မှု မရှိ၊ လုပ်ထုံးလုပ်နည်းတွေ၊ နည်းပညာတွေ၊ ဗဟုသုတတွေ အားနည်းကြသည်။ နိုင်ငံတကာနှင့် ဆက်ဆံပေါင်းသင်းမှု ကျယ်ပြန့်လာချိန်တွင် သည်အတိုင်းသွား၍ ရှင်သန်တိုးတက်မည် မဟုတ်ဟု ကျွန်တော်မံစားမိပါသည်။ သို့ဖြစ်၍ မြန်မာလုပ်ငန်းရှင်များ၊ လုပ်ငန်းငယ်များကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ လက်လှမ်းမီသမျှ လေ့လာစုဆောင်း ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဤ ဆောင်းပါးများကို ရေးသားဖြစ်အောင် ဖိအားပေးခဲ့ကြသော မြန်မာ့ဓနမဂ္ဂဇင်း၊ စုစည်း

mgyoe.com

ထုတ်ဝေရန် စီစဉ်ခဲ့သော ကိုမြင့်စိုးလတ်၊ ကိုကြည်ထွေး(ပတ္တမြားငမောက်)နှင့် စာ ရေးသားနိုင်ရန် နွေးထွေးသော ပတ်ဝန်းကျင်ကို ဖန်တီးပေးသည့် ဇနီးသည်နှင့် သမီးငယ်တို့ကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

ခင်မောင်ညို(ဘောဂဗေဒ)

m.gyoe.com

mgyoe.com
mgyoe.com

mgyoe.com

# စကားဦး

ကိုယ်ရေးကိုယ်တာ စကား အနည်းငယ်မျှ ဆိုခွင့်ပြုရန် ပထမဦးစွာ မေတ္တာရပ်ခံပါရစေ။

ကျွန်တော်သည် 'ဘယ်သူလာလို့ ဝယ်ပါ့မယ်' ဟူသော ခေါင်းစဉ်ဖြင့် ကူးသန်းရောင်းဝယ်ရေး ပညာ၊ ဈေးကွက် သုတေသနပညာ၊ စီမံခန့်ခွဲမှုပညာ ဆောင်းပါးများကို မြန်မာလုပ်ငန်းရှင်များအား အကျိုးပြုရန်ဟူသော စေတနာဖြင့် အစဉ်တစိုက် ရေးသားလာခဲ့ပါသည်။ တကယ်တော့ မြန်မာ့ခေနေ အယ်ဒီတာမင်းများက အကြောင်းအရာ တစ်ခုအပေါ် ခွင့်ချ၍ အခန်းဆက် ဆောင်းပါးရှည် ရေးရန် စောစောပိုင်းကပင် တာဝန်ပေးခဲ့ပါသည်။ သို့သော် ကိုယ့်အချိန်ကို ကိုယ်မပိုင်သည်က တစ်ကြောင်း၊ ကျွန်တော်ကိုယ်တိုင်ကလည်း ဘာသာရပ် တစ်ခုကို စောက်ချ လုပ်တာထက် ဘာသာရပ် ပေါင်းစုံကို စိတ်ဝင်စားတတ်သောအလေ့ကြောင့် လည်းကောင်း၊

mgyoe.com

mgyoe.com

တော်တော်နှင့် မလုပ်ဖြစ်ခဲ့ပါ။ သို့သော် အယ်ဒီတာမင်းများက ဇွတ်အတင်း ဆွဲတင်ပေးလိုက်သောအခါ ကျွန်တော့်မှာ လစဉ် မရေးမနေရ ရေးရသော အဖြစ်သို့ ရောက်ရှိသွားပါတော့သည်။

ဤသို့ဖြင့် ယခုနှစ် ဝါတွင်းကာလကို ရောက်လာခဲ့ပါသည်။ သိတော်မူကြသည့်အတိုင်းပါပဲ၊ ဝါတွင်းကာလဆိုတော့ ထူးထူးခြားခြား ကုသိုလ်ပြုတတ်ကြသည်။ ကျွန်တော်လည်း တစ်ခုခု ကုသိုလ်ပြုချင်သည်။ တတ်နိုင်သလောက်ပေါ့။ သည်အခါ ဗုဒ္ဓအလိုကျ လုပ်ငန်းရှင်ကို တို့ရန် အကြောင်းဖြစ်လာသည်။ ဗုဒ္ဓအလိုကျ လုပ်ငန်းရှင်ကို ဖတ်ရသူ၊ ကျွန်တော်နှင့် နီးစပ်သော ပရိသတ်က ဝေဖန်ချက်အချို့ ပေးသည်။

ပထမ ဝေဖန်ချက်က သဘောကျသည်ဆိုသော ဝေဖန်ချက် ဖြစ်သည်။ ဗုဒ္ဓ အဆုံးအမ တရားတော်များနှင့် စီးပွားရေးနယ်ပယ်၊ လုပ်ငန်းနယ်ပယ်ကို ဆက်စပ်ပေး၍ နှစ်ခြိုက်ကြသည်။

နောက်တစ်မျိုးက ဗုဒ္ဓတရားတော်တွေကို ဇွတ်အတင်း လောကီနယ်ထဲ၊ စီးပွားရေးနယ်ထဲ၊ ဆွဲသွင်းလာရသလားဟု ဝေဖန်ကြသည်။ ဗုဒ္ဓတရားတော်ကို အလေ့အလာ များကြသူများအနေဖြင့် လောကီရေး အဆုံးအမပေါင်းများစွာ ပါဝင်ကြောင်းကို သိရှိကြပြီးသား ဖြစ်ပါသည်။

mgyoe.com

mgyoe.com

ဝေဖန်သံ၊ ကဲ့ရဲ့သံများ အားလုံးက ဗုဒ္ဓအလိုကျ လုပ်ငန်းရှင်ကို ဆက်ရေးဖို့ စိတ်ပါဝင်စားမှုရှိကြကြောင်း အချက်ပြနေကြသည် မဟုတ်ပါလား။ တကယ်တော့ ဗုဒ္ဓ အလိုကျ လုပ်ငန်းရှင်ကို ဝါတွင်းကာလတွင်သာ တို့ရုံ၊ ထိရုံလောက် ဓမ္မဒါနပြုဖို့ ရည်ရွယ်ခဲ့သည်။ ယခုတော့ အမြည်းနှင့်သာ မကျေနပ်နိုင်ကြတော့၊ အဝစားချင်ကြ သည်။ ကျွန်တော့်အရေးအသား ကောင်းလို့ လုံးဝမဟုတ် ပါ။ လာလှည့် ရှုလှည့်ကြကုန် 'ဧဟိ ပဿိကော' ဟူ သော တရားတော်၏ ဂုဏ်တော်အတိုင်းပင် ဖြစ်ပါသည်။

တကယ်က ကျွန်တော်သည် ဗုဒ္ဓတရားတော်နှင့် ဘောဂဗေဒ နယ်ပယ် နှစ်ခုကို ဆက်စပ်၍ ဘွဲ့လွန် ကျမ်းပြုစာတမ်း တင်သွင်းရန်ပင် ကြံစည်ခဲ့ပါသည်။ သို့သော် ဗုဒ္ဓတရားတော်၏ နက်ရှိုင်း ကျယ်ပြန့်မှုကြောင့် ဖတ်၍မဆုံး၊ လိုက်၍မဆုံး၊ ရေး၍မဆုံး ဖြစ်နေမှာစိုး၍ မာန်လျှော့ခဲ့ဖူးပါသည်။ တစ်ဖန် ဗုဒ္ဓတရားတော်ကို ခြေခြေမြစ်မြစ်၊ ပိုင်ပိုင်နိုင်နိုင်၊ ကျွမ်းကျွမ်းကျင်ကျင် မဟုတ်ဘဲ ပူဇော်ရမှာ အတော် ဝန်လေးပါသည်။ ဗုဒ္ဓ ဘောဂဗေဒအကြောင်း ဟောပြောပွဲ တစ်ခုကိုလည်း တက်ရောက် နားထောင်ခဲ့ဖူးပါသည်။ ထိုဟောပြောပွဲကို နားထောင်အပြီး၌ အလွန်တရာ ကောင်းမွန် မြင့်မြတ်လှ သော အကြောင်းအရာကို ဟောပြောပုံ၊ တင်ပြပုံ အား နည်း၍ ပူဇော်ရာ မရောက်ဘဲ ကုသိုလ်ထက် အကုသိုလ်

mgyoe.com

mgyoe.com


တွေ များမှာ တော်တော် စိုးရိမ်သွားသည်။ ဗုဒ္ဓ ဘောဂဗေဒအကြောင်း ရေးဖို့လည်း အတော် လက်တွန့်သွားခဲ့သည်။

ယခုတော့ အကြောင်းကြောင်းကြောင့် ပြန်ရေးဖြစ်ပြန်ပါပြီ။ ကိုယ်တိုင် မစွမ်းသော်လည်း ပညာရှိ ဆရာတော်ကြီးများ၏ သင်္ကန်းစကို ဆွဲ၍လည်းကောင်း၊ လူပညာရှိ ဆရာကြီးများ၏ ပုဆိုးစကို ဆွဲငင် မှီခို၍ လည်းကောင်း တတ်စွမ်းသမျှ ကြိုးပမ်းတင်ပြပါမည်။ အမှားတွေ့လျှင် ပညာရှိသူတော်ကောင်းများက မိမိကျမ်းသဖွယ် သဘောထား၍ ပြုပြင်ကြပါစေသတည်း။

❑

mgyoe.com

mgyoe.com

# ပထမပိုင်း

# ဗုဒ္ဓအလိုကျလုပ်ငန်းရှင်

mgyoe.com

mgyoe.com

လုပ်ငန်းရှင်တစ်ယောက်အနေဖြင့်
သတိမေ့လျော့ခြင်းသည်
ဆုံးရှုံးမှုအားလုံး၏
အခြေခံအကြောင်းအရာတစ်ရပ်
ဖြစ်နေတတ်ပါသည်

mgyoe.com

အာဏာရဖို့မဟုတ်
ဥစ္စာရှိဖို့အဓိကမကျ
လူ့အဖွဲ့အစည်း အကျိုးပြုရေးသည်သာ
အဆုံးစွန်သော ပန်းတိုင်ဖြစ်သည်ဟု
ဗုဒ္ဓအလိုကျလုပ်ငန်းရှင်တစ်ဦးက
ခံယူသည်

mgyoe.com

mgyoe.com

ထိရောက်အောင်မြင်သော
လုပ်ငန်းရှင်တစ်ယောက်သည်
မိမိဝန်ထမ်းများ
ပြန်လည် တင်ပြရဲရန်၊ ဝေဖန်ရဲရန်
အားပေးရပါသည်

mgyoe.com

mgyoe.com

# ဗုဒ္ဓအလိုကျ လုပ်ငန်းရှင် (၁)

ဗုဒ္ဓဘာသာနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်အကြောင်းကို ပြောချင်ပါသည်။ မှန်ပါသည်။ စွန့်ဦးတီထွင်လုပ်ငန်းရှင် ဆိုတာ အနောက်တိုင်းက၊ ပြင်သစ်က၊ အမေရိကန်က၊ အင်္ဂလန်က ဖော်ထုတ်လာသော အယူအဆ ဖြစ်ပါသည်။ သို့သော် အရှေ့တိုင်းမှာလည်း စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေ ရှိသည်။

သို့ဖြစ်၍ ကျွန်တော်တို့ မြတ်ဗုဒ္ဓ၏ အဆုံးအမများ ထဲမှ လောကီရေး နယ်ပယ်၊ ခေါင်းဆောင်မှု နယ်ပယ်၊ လုပ်ငန်းရှင် နယ်ပယ်တွင် အသုံးဝင်သော သဘာဝ တရား အချို့ကို ကောက်နုတ် ဖော်ပြလိုပါသည်။ အဓိက အားဖြင့်–

၁။ သတိ (မမေ့လျော့ခြင်း)

၂။ အနတ္တ (အတ္တမဟုတ်ခြင်း)

mgyoe.com

၃။ ဝါဘီ (ရောင့်ရဲခြင်း)
၄။ အနိစ္စ (မမြဲခြင်း)
၅။ ဥပေက္ခာ (လောကဓံတရားကို ခံနိုင်ခြင်း)

တို့ကို ဆွေးနွေးချင်ပါသည်။ အပြည့်အဝ တင်းပြည့် ကျပ်ပြည့်တော့ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက် ဗုဒ္ဓအလိုကျ လုပ်ငန်းရှင်ကောင်း တစ်ယောက်၊ ခေါင်းဆောင်ကောင်း တစ်ယောက် ဖြစ်ကောင်းမှ ဖြစ်မည်။ သို့သော် ဗုဒ္ဓဓမ္မလာ ဒဿနများသည် ထိရောက် ထက်မြက်သော၊ ကိုယ်စိတ်ချမ်းသာသော လုပ်ငန်းရှင်တစ်ဦး ဖြစ်ရေးအတွက် အထောက်အကူ ဖြစ်နိုင်ကြောင်း ပြရန် ရည်ရွယ်ပါသည်။ ဓမ္မကို လောကီနယ်ထဲ စီးပွားရေး လောကထဲ ဆွဲသွင်းရကောင်းလားဟု မငြိုငြင်စေလိုပါ။ တကယ်တော့ ဗုဒ္ဓဓမ္မလာ ဒဿနများကို အာရှ အတွေးအခေါ်များမှာသာမက တော်စတွိုင်းတို့လို ပုဂ္ဂိုလ်ကြီးများ၏ အပေါ်မှာပါ လွှမ်းမိုးမှုရှိသည်ဟု ဆိုပါသည်။ အခြား ဘာသာရေး ခေါင်းဆောင်များ၏ ဟောကြားချက်များတွင်လည်း စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အတွက်လည်းကောင်း၊ ခေါင်းဆောင်များအတွက် လည်းကောင်း ဆီလျော်သော အဆုံးအမများ ပါတန်ရာသော်လည်း လက်လှမ်းမမီ၍ မဖော်ပြနိုင်ပါ။

mgyoe.com

mgyoe.com


## ၁။ သတိ

ကျွန်တော်တို့ ယုံကြည် ဆည်းကပ်သော မြတ်ဗုဒ္ဓသည် 'သတိ' ဟူသော ဓမ္မတစ်ရပ်ကို အကြိမ်ပေါင်းများစွာပင် ဟောပြောတော် မူခဲ့ပါသည်။ ပရိနိဗ္ဗာန် ပြုလုပ်ဆဲ နောက်ဆုံးအချိန်၌ပင် သတိမလျော့ကြဖို့၊ မပေါ့တန်ကြဖို့ အပ္ပမာဒတရားကို ဟောကြားခဲ့ပါသေးသည်။

တကယ်လည်း ကျွန်တော်တို့ တွေ့ကြုံနေရသော ဒုက္ခများ၊ ဝေဒနာများ၊ ဆင်းရဲမှုများသည် ကျွန်တော်တို့ သတိမေ့လျော့ ပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာရသည် မဟုတ်ပါလား။ လုပ်ငန်းရှင် တစ်ယောက် အနေဖြင့် သတိမေ့လျော့ခြင်းသည် ဆုံးရှုံးမှုအားလုံး၏ အခြေခံအကြောင်းတရားတစ်ရပ် ဖြစ်နေတတ်ပါသည်။ အကယ်၍သာ ကျွန်တော်တို့သည် အချိန်ကန့်သတ်ချက်၊ နောက်ဆုံးဟု သတ်မှတ်ထားသောရက်များ၊ ကျွန်တော်တို့၏ အပြုအမူကြောင့် လူအမျိုးမျိုး စိတ်အထွေထွေ အပေါ် ကျရောက်မည့် အကျိုးသက်ရောက်မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မှုများကိုသာ သတိရ၊ ဂရုပြုမိ၍ ပေါ်ပေါက်လာနိုင်သည့် ပြဿနာ အတော်များများကို တားဆီးနိုင်စရာ ရှိသည်။

နှောင့်နှေး ကြန့်ကြာခြင်း၊ ဖင့်နွဲ့နေခြင်း၊ အချိန်ဆွဲနေခြင်းတို့သည်လည်း သတိမရှိခြင်း လက္ခဏာတစ်ရပ်

mgyoe.com

ဖြစ်ပါသည်။ ရှေ့ရေးကို ကြိုတင်တွေးဆတတ်၊ ကြိုတင် စီမံတတ်သောသူ တစ်ယောက်၏ အရည်အချင်းများထဲ တွင်လည်း သတိသည် ရှေ့ဆုံးက ပါနေတတ်ပါသည်။ မျက်တောင်မွေး တစ်ဆုံးကိုသာ မကြည့်၊ ဉာဏ်မျက်စိ အဆုံးကြည့်ကာ ဉာဏ်အမြော်အမြင်ဖြင့် ချိန်ဆတတ်ဖို့ အတွက်လည်း သတိရှိရန် လိုအပ်ပါသည်။ ရှည်ရှည် ဝေးဝေး တွေးတတ်ကြမည်ဆိုလျှင် တစ်ခန်း၊ တစ်လ၊ တစ်နှစ်၊ တစ်ခေါက်လောက်သာ မကြည့်ပါ၊ ဆယ်စုနှစ် ရာစုနှစ်မှသည် သံသရာ အဆက်ဆက်ထိ ကြည့်တတ် ကြဖို့ ကောင်းပါသည်။ အရှည်အဝေးကို မကြည့်သော အခါ ရေတစ်ပွက်လောက် ကာလ၊ တစ်မွန်းတည့် လောက် ကောင်းစားတာကို အဟုတ်ကြီး ထင်တတ်ကြ ပါသည်။

ဂျပန်၊ မတ်ဆူရှီတာ ကုမ္ပဏီ မတ်ဆူရှီတာဆိုလျှင် သူ့အဖွဲ့အစည်းအတွက် နှစ် ၂၅၀ စာ စီမံကိန်း ရှိသည်ဟု ဆိုပါသည်။ အနာဂတ်မှာ ဘာတွေ ဖြစ်လာနိုင်သလဲ၊ ထိုဖြစ်ရပ်များကို ဘယ်လို တုံ့ပြန်မလဲ၊ ဘယ်လို အဆင် သင့်ဖြစ်အောင် ပြင်ထားလဲ၊ စိတ်ဓာတ်ခွန်အားတွေ လွင့် ပျံ့ကာ အလဟဿ မဖြစ်စေဘဲ တန်ဖိုးတွေတက်ဖို့ ဘာ လုပ်ပေးရမလဲ စသည်ဖြင့် ပြင်ဆင်ထားနိုင်ဖို့မှာ သတိ ကို အခြေခံပါသည်။

mgyoe.com

## ၂။ အနတ္တ

ကိုယ်မဟုတ် အစိုးမရဘူးတဲ့၊ အတ္တ မဟုတ်ဘူး အနတ္တတဲ့။ ကိုယ်မပိုင် အစိုးမရပုံများ ပြောရရင် ကုဋေ တက်တာတောင် လေလည်ပြီး ပြန်ခဲ့ရက်တွေ ရှိတယ်ဟု တောင်မြို့ဆရာတော် မိန့်ကြားသံကို နာယူဖူးပါသည်။

သို့သော် လက်တွေ့တွင် ကျွန်တော်တို့သည် ငါမှငါ ဖြစ်နေကြပါသည်။ အစိုးရသည်ဟု ထင်နေကြပါသည်။ အတ္တတွေ လွန်ကဲ၊ အတ္တတွေ ကြီးမားနေတော့ အစိုးရ သည် ထင်ပြီး လုပ်ရာမှ အစိုးမရတာတွေ ဖြစ်လာ ကြသည်။ ပိုင်လှသည် နိုင်လှပြီထင်ပြီး လုပ်ရာမှ မပိုင် မနိုင်တာတွေ ပေါ်ပေါ်လာသည်။

လုပ်ငန်းရှင် နယ်ပယ်တွင် အနတ္တ၏ အရေးပါပုံ အချို့ကို ပြောပါမည်။ ထိရောက်အောင်မြင်သော လုပ် ငန်းရှင် တစ်ယောက်သည် မိမိဝန်ထမ်းများ ပြန်လည် တင်ပြရဲရန်၊ ဝေဖန်ရဲရန် အားပေးရပါသည်။ အတ္တ ကြီး မားသောသူ တစ်ယောက်သည် မိမိကို ပြန်ပြောခြင်း၊ ပြန်ဝေဖန်ခြင်းများကို မကြိုက်ကြ။ အတ္တနည်းသော ပုဂ္ဂိုလ်များသာ သူတို့၏ လုပ်ရပ်နှင့် စွမ်းရည်အပေါ် ဝေဖန်မှုကို ခံနိုင်ရည်ရှိကြသည်။ ဝေဖန်အောင်လည်း အားပေးကြသည်။ **ဝေဖန်စရာ ရှိက ဝေဖန်ပါ ဆိုပြီး အကောင်းကိုသာ ပြောမှကြိုက်သော၊ အောင်မြင်သည် ကိုသာ လိုလားသော၊ မအောင်မြင်သည်ကို မကြားလို၊**

mgyoe.com

mgyoe.com


မမြင်လိုသော လုပ်ငန်းရှင်တစ်ယောက်၊ ခေါင်းဆောင် တစ်ယောက်ကို မည်သူကမျှ ဝေဖန်ရဲကြမည် မဟုတ်။ ရှေ့တွင်သာ မဝေဖန်ရဲကြသော်လည်း ကွယ်ရာ၌ ကဲ့ရဲ့ ပြစ်တင် ရှုတ်ချကြမည်သာ ဖြစ်သည်။ ကွယ်ရာတွင် ပြစ်တင်ရှုတ်ချမှု နည်းစေလိုလျှင် ရှေ့၌ပင် ရဲရဲတင်းတင်း ဝေဖန်ခံနိုင်ရပေမည်။

တကယ်တော့ ဝေဖန်ခံနိုင်သော သတ္တိသည် လုပ်ငန်းရှင် တစ်ယောက်၊ ခေါင်းဆောင် တစ်ယောက်က မွေးမြူရမည့် စိတ်ဓာတ်မျိုး ဖြစ်ပါသည်။ အရှင်သာရိပုတ္တရာ ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို အမျိုးမထင်ရှားသည့် ကိုရင်လေး တစ်ပါးက သင်္ကန်းအစွန်း မညီကြောင်း ဝေဖန်ရဲခြင်းသည် အရှင်သာရိပုတ္တရာ၏ အဝေဖန်ခံရဲမှု၊ အတ္တနည်းမှုကြောင့် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ကိုရင်လေး၏ ဝေဖန်ချက်မှာ မှန်နေသဖြင့် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက တလေးတစား နာယူခဲ့သည်ကို တွေ့ရပါသည်။ တစ်နည်းဆိုရလျှင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက အဝေဖန်ခံဖို့၊ အဝေဖန် ခံနိုင်ဖို့၊ အဝေဖန် ခံရဲဖို့ နမူနာပြခဲ့သည်ဟု ဆိုချင်ပါသည်။

အဝေဖန် မခံရဲကြတော့ မှားနေလို့ မှားနေမှန်းမသိ၊ ရှုံးနေလို့ ရှုံးမှန်းမသိ၊ ပျက်နေလို့ ပျက်မှန်းမသိနိုင်အောင် အားလုံးက ဝိုင်းဝန်း ဖုံးဖိပေးထားတတ်ကြသည်။ “ဘောင်းတော်ညိတ်၊ စိတ်တော်သိကြား၊ မှန်ပါ့ဘုရား”

mgyoe.com

mgyoe.com

သံတော်ဦး တင်ကြသည်။ "အားလုံး ကောင်းပါသည် ခင်ဗျား" ဟု သံတော်ဦး တင်ကြသည်။ ပါရမီရင့်သန်သော ပုဂ္ဂိုလ် မဖြစ်သေးလျှင် မည်သူမျှ စင်းလုံးချော မဟုတ်၊ အပြစ်မတင်ကြ။ စင်းလုံးချော မဟုတ်ပါဘဲလျက် ဟုတ်သယောင် အယောင်ဆောင်ခြင်း၊ ဟုတ်နိုးနိုးထင်ခြင်း၊ မိမိကိုယ်မိမိ လိမ်လည် လှည့်ဖြားခြင်း၊ သူတစ်ပါးက မိမိကို လိမ်က ကြိုက်ခြင်းတို့သည် အတ္တကြီးမားသော ပုဂ္ဂိုလ်များ၏ အရာဖြစ်သည်။

လက်အောက်ငယ်သား ဝန်ထမ်းများ ရွေးချယ်ရာတွင် ဘယ်လိုပုဂ္ဂိုလ်မျိုး ရွေးကြမည်နည်း။ ကိုယ့်ထက်သာသူကို ရွေးမလား၊ ကိုယ်နှင့် တန်းတူကို ရွေးမလား၊ ကိုယ့်ထက် ညံ့သူကို ရွေးမလား အသေအချာ ဖြေကြည့်ပါ။ ကိုယ့်ထက်ညံ့သူကို ရွေးဖို့ များပါလိမ့်မည်။ ကိုယ်နှင့် တန်းတူကို ရွေးလျှင် ကိုယ့်ထက် သာသွားမှာ စိုးကြသည်။ ကိုယ့်ထက် အသိပညာ၊ အတွေ့အကြုံ သာလွန်သည့်သူကို ရွေးဖို့ဆိုသည်မှာ စဉ်းပင် စဉ်းစားစရာ မဟုတ်။

သည်တော့ ကိုယ့်ထက် ညံ့သောသူတွေ အလုပ်လုပ်လျှင် ကိုယ်လုပ်တာထက် ပိုမကောင်းနိုင်။ အတ္တဘက်ကကြည့်လျှင် ကျေနပ်သော်လည်း လုပ်ငန်းဘက်ကကြည့်လျှင် အလွန် နစ်နာသည်။ အရည်အချင်း ရှိသူများ၊ ထက်မြက် ထူးချွန်သူများ ဝိုင်းရံသည်ကို အတ္တ

mgyoe.com

mgyoe.com


နည်းသော ပုဂ္ဂိုလ်များသာ ခံနိုင်ရည် ရှိကြသည်။ အတ္တကြီးမားသော ပုဂ္ဂိုလ်များ၏ ဘေးတွင် ဟုတ်ကဲ့သမားများ၊ ခေါင်းညိတ်တတ်သူများ၊ ပြန်ပြောရဲသော ပါးစပ်မပါသူများ၊ အရည်အချင်း မရှိသူများ ဝိုင်းရံနေတတ်ကြသည်။

ထိရောက် ထက်မြက်သော လုပ်ငန်းရှင်သည် မှားရဲရမည်။ အမှားကို အပြောခံရဲရမည်။ အမှားမှ သင်ခန်းစာ ယူရဲရမည်။ မိမိ၏ အမှားပင် မဟုတ်လင့်ကစား အဘက်ဘက်က တာဝန်ယူခဲ့သော ပုဂ္ဂိုလ်များ၏ အမှားကို မိမိ၏ အမှားသဖွယ် တာဝန်ခံရဲ၊ တောင်းပန်ရဲသော ခေါင်းဆောင်များ၊ လုပ်ငန်းရှင်များသည် ကြီးမားသော သတ္တိ ရှိကြသည်။

အတ္တကြီးမားသော ပုဂ္ဂိုလ်များသည် သူတို့ကို လူတိုင်းက ကြိုက်စေချင်၊ သဘောကျစေချင်ကြသည်။ တွေ့တဲ့လူနဲ့ တည့်အောင်ပေါင်း ရတာ အကုန်တောင်းဆိုသော (တ) သုံးလုံး လေ့သမားများ ဖြစ်ကြသည်။ တကယ်တော့ လူတိုင်းနှင့်တည့်ဖို့၊ လူတိုင်းအကြိုက်ကို လိုက်ဖို့ ဆိုသည်မှာ လူမဆိုနှင့် နတ်များ၊ သိကြားများ၊ ဘုရား၊ ရဟန္တာများပင် တတ်နိုင်သောကိစ္စ မဟုတ်ပေ။ လူတိုင်း၏ အကြိုက်ကို လိုက်နေရလျှင် လူတိုင်း၏ မကြိုက်ကိုသာ ရမည်။

ထိရောက် ထက်မြက်သော လုပ်ငန်းရှင် တစ်

mgyoe.com

mgyoe.com


ယောက် အနေဖြင့် လိုအပ်လာလျှင် ငြင်းရဲရမည်။ အချို့သော ပုဂ္ဂိုလ်များ မလိုလားသည့် ဆုံးဖြတ်ချက်မျိုးကိုပင် ဆုံးဖြတ်ရဲရမည်။ တာဝန်ကျေဖို့၊ လုပ်ငန်း အောင်မြင်ဖို့အတွက် အများမကြိုက်သော်လည်း လုပ်သင့်က လုပ်ရဲရသည်။ အတွက် နည်းရသည်။

တစ်ဖန် ထူးချွန်သော လုပ်ငန်းရှင်တို့သည် လက်အောက် ငယ်သားတို့ကို ချီးကျူးရန် ဝန်မလေး၊ မြှောက်စားရန် မခဲယဉ်း။ လုပ်ငန်းရှင် အတော်များများတို့က မိမိတို့ထံ၌ ဝန်ထမ်းမပြကြောင်း မကြာခဏ ပြောတတ်ကြသည်။ မိမိ၏ ဝန်ထမ်းကို ဘယ်နှကြိမ် ချီးကျူးဖူးပါသလဲ၊ မြှောက်စားဖူးပါရဲ့လား၊ သိပ်မမြှောက်ပေးနဲ့ မြှောက်ပေးလျှင် မြောက်သွားပြီး အထိန်းရခက်သည်ဟု ကြားဖူးပါသည်။ နှိမ်ပေးလျှင်ကော ထိန်းလို့ရပါရဲ့လား၊ ထိန်းလို့ ရပါမည်လား မေးချင်ပါသည်။ မြှောက်ပေးသည် ချီးကျူးသည် ဆိုသည်မှာ လစာတိုးပေးရုံ သက်သက် ဆိုလိုသည်မဟုတ်။ အဆင့်အတန်း မြှင့်ပေးခြင်း၊ တာဝန် ပိုပေးခြင်း၊ လုပ်ပိုင်ခွင့် ခွဲပေးခြင်း၊ ဆုချီးမြှင့်ခြင်းစသော ကိစ္စများလည်း ပါဝင်သည်။ မြှောက်ပေးခံရသူတိုင်း အောက်ခြေလွတ် မသွားနိုင်၊ ဖိလွန်းလျှင် ကြွတတ်သည်ဟူသော စကားလည်း ရှိပြီးသား ဖြစ်သည်။ လက်အောက်ငယ်သားကို ခုတုံးလုပ်ပြီး မိမိအောင်မြင်ဖို့၊ ထင်ပေါ်ဖို့၊ ကျော်ကြားဖို့ချည်း လုပ်နေလျှင် သစ်လုံးမဟုတ်

mgyoe.com

mgyoe.com

သော လက်အောက်ငယ်သားများက ငုံ့ခံကြလိမ့်မည် မဟုတ်ပေ။ နေရာတကာ ကိုယ်သာ နေရာယူနေလျှင် ကိုယ့်လက် ကိုယ့်ခြေသာ လုပ်နေပြီး အတ္တကြီးမားလျှင် ကိုယ်တစ်ယောက်တည်း ကျန်ရစ်တတ်သည်။

အတ္တကြီးမားသော လုပ်ငန်းရှင်တို့သည် တစ်ကိုယ်တော် တန်ခိုးကြီးချင်ကြသည်၊ အရှိန်အဝါ ကြီးချင်ကြသည်။ တန်ခိုး အာဏာတွေ အဆမတန် ပြတတ်ကြသည်။ ရှူးရှူးရှဲရှဲနှင့် ဒေါသထွက်လွယ်တတ်ကြသည်။ ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်နိုင်။ အခြားသူများအပေါ် ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံတတ်ကြသည်။ အပျော်အပါး မက်ကြသည်။ အသောက်အစား လွန်ကဲကြသည်။ တဏှာရာဂကိစ္စတွေ များသည်။ ဟိတ်ကြီး ဟန်ကြီး လုပ်တတ်ကြသည်။ ရုံးခန်းကြီးကြီး၊ စားပွဲကြီးကြီး၊ ကားကောင်းကောင်းတို့ကို သုံး၍ ဟိတ်လုံး ဟန်လုံး နေတတ်ကြသည်။

ဉာဏ်ပညာရှိသော လုပ်ငန်းရှင်များကတော့ ပကာသနထက် အနှစ်သာရကို တန်ဖိုးထားကြသည်။ ကိုယ့်ကိုယ်ကိုယ် အရေးပါ အရာရောက်သည်ဟု သဘောမထား၊ ခရီးဦးကြို ပြုသည်ထက် လုပ်ငန်းအပေါ် တာဝန်ကျေမှုကို လိုလားသည်။ မိမိထက် မိမိလုပ်ငန်း၊ မိမိအဖွဲ့အစည်း၊ မိမိဝန်ထမ်းများ၏ အရေးပါမှု၊ တွင်ကျယ်မှု၊ လူရာဝင်မှုကို အလေးပေးသည်။ အောင်မြင်မှုအတွက်

mgyoe.com

mgyoe.com

မှုဝေ ခံစားသည်။ ငါတော်လို့ တတ်လို့မဟုတ်၊ အများ က ဝိုင်းလုပ်လို့ ဖြစ်ရတာဟု နှစ်နှစ်ကာကာ ယုံကြည် သည်။ ပုဂ္ဂိုလ်ရေး ကျေနပ်မှု၊ မကျေနပ်မှုထက် ကျယ် ပြန့်သော အမြင် ရှိကြသည်။ သဘောထားကြီး၊ အမြင် ကျယ်ကြသည်။ လုပ်ငန်း၏ ရည်ရွယ်ချက်ကို ထိခိုက် သော ကိစ္စမျိုးကို ခွင့်လွှတ်နိုင်ကြသည်။

## ၃။ ရောင့်ရဲတင်းတိမ်ခြင်း

ရယ်စရာ ပြောကြတာ တစ်ခုကို မကြာခဏ ပြော ကြ၊ ကြားဖူးကြသည်။ သူဌေး မဖြစ်ချင်ဘူးတဲ့၊ သူဌေး သား ဖြစ်ရတာပဲ ကောင်းတယ်တဲ့၊ မှန်ပါသည်။ အလုပ် ကို ကြိုးစားပမ်းစား လုပ်ရသော သူဌေးကြီးဖြစ်ရတာ တယ်မကောင်းလှ။ အလုပ်မလုပ်ဘဲ အဖေရှာသမျှ ထိုင် သုံး၊ ထသုံး၊ လှည့်ပတ်သုံးရသော သူဌေးသား ဖြစ်ရ တာက ပိုကောင်းသည်။ ထမင်းစားချိန် မမှန်၊ အိပ်ချိန် မမှန်သော လုပ်ငန်းရှင်များကို ကြည့်၍ ငါသာ ဒီလောက် ချမ်းသာရင် အလုပ် လုပ်မနေပါဘူးကွာ ထိုင်စားနေပါ တယ်ဟု ပြောကြသည်။ ထိုင်စားချင်သော သူများသည် ဘယ်တော့မှ အောင်မြင်သော လုပ်ငန်းရှင် ဖြစ်မလာနိုင်၊ သူဌေး ဖြစ်မလာနိုင်ပေ။ ကြွယ်ဝအောင်၊ ချမ်းသာအောင်၊ အောင်မြင်အောင် ဓွဲ၊ လုံ့လ၊ ဝီရိယ သုံးရသည်။ ကံ၊ ဉာဏ်၊ ဝီရိယ လိုသည်။ အလုပ် မလုပ်ဘဲနေတာ၊ မကြိုး

mgyoe.com

mgyq.com


စားဘဲ နေတာကို အချို့က ရောင့်ရဲ တင်းတိမ်သည်ဟု ဆင်ခြေပေးတတ်ကြသည်။ ပျင်းတာဟာ ပျင်းတာပါပဲ။ လက်ကြောမတင်းတာ လတ်လျားလတ်လျား လုပ်တာဟာ ရောင့်ရဲ တင်းတိမ်တာမှ မဟုတ်ဘဲ။

စောစောက ပြောခဲ့သော သူဌေးများသည် နေပုံ၊ ထိုင်ပုံ၊ စားပုံ၊ သောက်ပုံနှင့် ပတ်သက်လျှင် ပြောစမှတ် ဖြစ်ရလောက်သည်။ သူဌေးလည်း ဆိုသေးရဲ့ စားတာက ဘယ်လို၊ သူဌေးဝတ်တဲ့ အဝတ်အစားကလည်း သူ့ အလုပ်သမား ဝတ်သလောက်တောင် မကောင်းပါဘူး ကွာ၊ သူဌေးသာဆိုတာ တို့လိုတောင် ကားမစီးနိုင်ဘူး၊ ရှိတဲ့ကားကလည်း ဧည့်သည်စောင်သည်လာရင် စီးဖို့ တဲ့၊ သူကတော့ စက်ဘီးစုတ်ကလေး တစ်စီးနဲ့ လျှောက် သွားနေတယ်။ နေတာကလည်း အိမ်သေးသေးလေး၊ လှူတော့သာ ဓမ္မာရုံကြီးတွေ ကျောင်းကြီးတွေ လှူနေ တာ။ ဝတ်တော့လည်း ခပ်ရိုးရိုး၊ စားတာကလည်း ပြီး လွယ်စီးလွယ် ဟင်းကလေး တစ်ခွက် နှစ်ခွက်နှင့် ပြီး တတ်ကြသည်။ ကြိုးစားနေရတာ၊ အားထုတ်နေရတာ၊ အငြိမ်မနေ၊ တက်တက်ကြွကြွ လှုပ်ရှားနေတာကိုသာ ပျော်မွေ့နေတတ်ကြသည်။

တကယ်တော့ စိတ်အလိုကို လိုက်ကြမည်ဆိုလျှင် တိုက်တစ်လုံးနှင့်လည်း မပြီး၊ ကားတစ်စီးနှင့်လည်း မပြီး၊ မယား တစ်ယောက်နှင့်လည်း မပြီးနိုင်။ ဆင်းရဲသည့်

mgyqe.com

mgyoe.com


ဒဏ်ကို ခံနိုင်ကြသော်လည်း ချမ်းသာသည့်ဒဏ်ကို မခံနိုင်ဟုပင် ပြောစမှတ် ပြုရသည်။ ရောင့်ရဲ တင်းတိမ်မှုရှိလျှင် စိတ်အလိုကို မလိုက်၊ လိုက်လည်း မဆုံးနိုင်သော စိတ်အလိုကို မလိုက်ဘဲ ထားသည်။ စားဖို့ သုံးဖို့ထက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ဖို့ အားသန်သည်။

ကိုယ်တိုင်က ရောင့်ရဲ ရွှေတာတတ်သည့် ခေါင်းဆောင်များ၊ လုပ်ငန်းရှင်များ အနေဖြင့် မိမိတို့၏ လက်အောက် ငယ်သားများ နောက်လိုက်များအတွက် စံနမူနာကောင်းများ ပြနိုင်သည်။ စိတ်ကူးတွေ သိပ်မယဉ်နေကြဖို့၊ မဖြစ်နိုင်တာတွေ မလိုချင်ကြဖို့၊ ကိုယ့်အတိုင်းအတာနှင့်ကိုယ် တတ်နိုင်သလောက် နေထိုင်ကြဖို့ ပြောဆိုစည်းရုံးရ လွယ်သည်။

## ၄။ မမြဲခြင်း (အနိစ္စ)

အနိစ္စဆိုသောသဘောတရားက မည်သည့်အရာမျှ မတည်မြဲသည်ကို ပြသည်။ အပြောင်းအလဲတို့မည်သည် ရှောင်လွှဲ၍ မရကြောင်း ညွှန်ပြသည်။

ယနေ့ စုမိ ဆောင်းမိထားသော ပစ္စည်းတို့သည် နက်ဖြန် ဆုံးရှုံးနိုင်သည်။ ယနေ့ ရှုံးသော်လည်း နက်ဖြန် မြတ်နိုင်သည်။ ယနေ့ ထိပ်ဆုံးရောက်သော်လည်း နက်ဖြန် ပြိုင်ဘက်များ၊ သရဖူ လုသူများ ပေါ်လာနိုင်သည်။ ယနေ့ မိမိ၏ အလုပ်သမားသည် နက်ဖြန် မိမိ၏ အလုပ်

mgyoe.com

mgyoe.com

ရှင် ဖြစ်သွားနိုင်သည်။ မမြဲသည့် သဘောကို ဆင်ခြင်လျှင် အပြောင်းအလဲ လုပ်ဖို့၊ တီထွင် ဆန်းသစ်ဖို့ အမြဲကြိုးစား အားထုတ်နေမည်။ အပြောင်းအလဲ လုပ်ဖို့ ဝန်မလေး၊ သူ့ဘာသာသူ မပြောင်းလဲမီ ပြောင်းလဲသင့် ပြောင်းလဲထိုက်သည်ကို ဦးအောင် ပြောင်းလဲမည်။

လူအဟောင်း၊ စနစ်ဟောင်း၊ လုပ်ပုံကိုင်ပုံ အဟောင်းတို့ကို တွယ်ကပ်မနေ။ လွန်ခဲ့တဲ့ အနှစ်တစ်ရာ အနှစ်နှစ်ရာကလည်း သည်လိုပဲ လုပ်ခဲ့ကြတာ။ ဒါကြောင့် ယခုလည်း သည်လိုပဲလုပ်ရမည်ဆိုသည့် သူသည် အပြောင်းအလဲ၏ သဘော၊ အနိစ္စ၏ သဘောကို မဆင်ခြင်နိုင်သူ ဖြစ်သည်။ လုပ်ငန်း၏ အနေအထား၊ ခေါင်းဆောင် အနေအထားတို့ကလည်း အမြဲတမ်း ပြောင်းလဲနေတတ်သည်။ ထို့ကြောင့် ထိုင်ခုံဟောင်းတွေ၊ နေရာဟောင်းတွေ၊ လုပ်ငန်းဟောင်းတွေကို တွယ်ကပ်နေ၍ မဖြစ်၊ ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့တာတွေကို ပြန်လည် တမ်းတမနေ။ အဟောင်းတွေကို တွယ်ဖက်ထားလေ ဆုံးရှုံးမှုကြီးမားလေ ဖြစ်သည်။

အထူးသဖြင့် ယနေ့ခေတ်သည် ဟင်းလင်းပွင့်နေသော ခေတ်ဖြစ်သည်။ အပြောင်းအလဲတွေ မြန်နေသည်။ မနေ့က ထိပ်ဆုံးရောက်သော်လည်း ကနေ့ အောက်ဆုံးရောက်သွားတတ်သည်။ ယနေ့ လူကြိုက်များနေသော ပစ္စည်းတွေကို တစ်သက်လုံး ကြိုက်ကြမည်ဟု တွက်ဆ

mgyoe.com

mgyoe.com


၍မရ။ နက်ဖြန် ဘာကြိုက်မလဲ၊ နက်ဖြန် ကြိုက်မည့် ပစ္စည်းကို တွက်ဆနိုင်ရမည်။ ထုတ်လုပ်နိုင်ရမည်။

ဘောဂဗေဒမှာ ကြာရှည်ခံပစ္စည်းများ ဆိုသည့် ဝေါဟာရ တစ်ခုရှိသည်။ တစ်ခါ ဝယ်ထားလျှင် တစ်သက်သုံးရော့ ဆိုသည့် ပစ္စည်းမျိုး။ ယခုတော့ ကြာရှည်ခံတွေလည်း ကြာရှည် အသုံးမခံရတော့၊ ပုံစံပြောင်းသွားပြီဆိုလျှင် အမှိုက်တောင်းထဲ ရောက်သွားသည်။ ဘယ်ဟာမျှ ကြာရှည်မခံ။ အနှစ် နှစ်ဆယ်ဆိုလျှင် ဟိုတုန်းက ခေတ်ဟောင်းတေးဟု သတ်မှတ်ကြသည်။ ယခုဆိုလျှင် အရက်နှစ်ဆယ်တေးကို ခေတ်ဟောင်းတေးဟု သတ်မှတ်ကြမည်လား မသိ။

ဝန်ထမ်းတွေက လခစားဆိုလျှင် အမြဲတမ်းဝန်ထမ်းဟု သုံးလေ့ရှိသည်။ ယခု အမြဲတမ်းဝန်ထမ်း ဆိုပြီး သိပ်အားကိုး၍မရ၊ ကိုယ့်ဆီမှာ ပျော်လျှင် ကိုယ့်ဆီနေမည်၊ ကိုယ့်ဆီမှာ မပျော်လျှင် နေတော့မည်မဟုတ်။ ကိုယ့်ဆီမှာ နေစေလိုလျှင် ကိုယ်က ပျော်အောင်ထား၊ ကိုယ့်ဆီမှာ နေသမျှ ကိုယ့်ဝန်ထမ်း၊ ကိုယ့်ဆီမှာ မနေတော့လျှင် ကိုယ့်ဝန်ထမ်း မဟုတ်တော့။

## ၅။ ဥပေက္ခာ (အညီအမျှ)

လုပ်ငန်းဆိုတာက တစ်နေ့ရွှေ၊ တစ်နေ့ငွေ ချမ်းသာ အောင်မြင်နေတုန်း အကြီးအကျယ် ဘဝင်မြင့်လျှင်

mgyoe.com

mgyoe.com


ကျဆုံးသည့်တစ်နေ့ စိတ်ဓာတ်တွေ အကျကြီး ကျတတ်သည်။ လူတစ်ယောက်နှင့် တစ်ယောက် ဂုဏ်ပြိုင်ပုံ မတူကြ။ တချို့က ဆင်းရဲသည့်ဒဏ်ကို ခံနိုင်သည်။ တချို့က ချမ်းသာသည့်ဒဏ်ကို ခံနိုင်သည်။ ဆင်းရဲသည့်ဒဏ်ရော ချမ်းသာသည့်ဒဏ်ကိုပါ ခံနိုင်သော လုပ်ငန်းရှင်များအတွက် ချမ်းသာလို့လည်း ဘဝင်မမြင့်၊ ဆင်းရဲလို့လည်း စိတ်ဓာတ်မကျ။ ယနေ့ ဆင်းရဲနေသော်လည်း နက်ဖြန် ချမ်းသာခွင့်ရှိသည်။ ယနေ့ ချမ်းသာသော်လည်း နက်ဖြန် ဆင်းရဲသွားနိုင်သည်။ တစ်သက်လုံး ဆင်းရဲသည်၊ တစ်သက်လုံး ချမ်းသာသည်ဟူ၍မရှိသော် တစ်သက်လုံး ချီးမွမ်းခံရသည်၊ အခြွေအရံ ပေါ်များသည်၊ ချမ်းသာသည်၊ ဝင်ငွေကောင်းသည် ဟူ၍ မရှိသလို အကဲ့ရဲ့ခံရသည်၊ မိတ်ဆွေ အပေါင်းအသင်း နည်းပါးသည်၊ ဆင်းရဲသည်၊ ဝင်ငွေနည်းသည် ဟူ၍ မရှိတတ်ပါ။ အတက်အကျတို့ကို အညီအမျှ သဘောထားနိုင်လျှင် စိတ်ချမ်းသာသည့် လုပ်ငန်းကို ရဲရဲတင်းတင်း လုပ်နိုင်သည်။ အကျပ်အတည်းနှင့် ကြုံလျှင်လည်း စိတ်သောက မဖြစ်။

ယနေ့ခေတ် ခေါင်းဆောင်များ၊ လုပ်ငန်းရှင်များ၌ တာဝန်တွေ အလွန် ကြီးမားလာကြသည်။ မိမိ လက်ထက် ကြီးမားတိုးတက်လျှင် ပြီးစတမ်းဟု မဖြစ်၊ ယဉ်ကျေးမှုကို စောင့်ရှောက်ကြရသည်။ မိမိ ပတ်ဝန်းကျင်ကို

mgyoe.com

mgyoe.com


ထိန်းသိမ်း ကာကွယ်ကြရသည်။ မတရားမှုကို ဆန့်ကျင်ရသည်။ တရားမျှတမှုတွေ တိုးပွားလာအောင် ဆောင်ရွက်ကြရသည်။ လူသားမှန်လျှင် အလုပ်သမားဖြစ်ဖြစ်၊ အလုပ်ရှင်ဖြစ်ဖြစ် လူကို လူလိုမြင်ကြရသည်။ ခံစားထိုက်သော အခွင့်အရေးတွေ ပေးရသည်။ ကိုယ် တစ်ယောက်တည်း လက်ဝါးကြီးအုပ်ထား၍ မဖြစ်၊ လုပ်ငန်းခွင်ရှိ ဝန်ထမ်းတွေအပေါ် လူမှုရေး တာဝန်များ ကျေပွန်သော ပတ်ဝန်းကျင်ကို ကာကွယ် ဆောင်ရွက်သော လုပ်ငန်းရှင်များအဖို့ စေတနာကောင်းလျှင် ကောင်းသလို အကျိုးပေး ခံစားကြရမည်။

ဗုဒ္ဓအလိုကျ လုပ်ငန်းရှင် တစ်ယောက် အနေဖြင့် အပြောင်းအလဲတွေ၊ တီထွင် ဆန်းသစ်မှုတွေကို ကြိုဆိုလက်ခံရသည်။ နောင်လာ နောက်သားတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ ရေရှည် တိုးတက်ဖို့အတွက် အမြင်ကျယ်ရသည်။ ရာထူး ဂုဏ်ထူးတွေ၊ အဆင့်အတန်းတွေ ခွဲမနေ၊ ရုပ်ဝတ္ထုတွေကို သိပ်ပြီး မက်မနေ။ ယခု ကမ္ဘာ့စီမံခန့်ခွဲမှု နယ်ပယ်တွင် ခေတ်စားလာသော ဗဟိုချုပ်ကိုင်မှု လျှော့ချဖို့၊ လက်အောက်ငယ်သားတွေကို အာဏာနှင့် လုပ်ပိုင်ခွင့်တွေ ပိုပေးဖို့ဆိုသည်မှာ စီးပွားရေး ဒီမိုကရေစီတို့၊ ယဉ်ကျေးမှု ဒီမိုကရေစီတို့ ဆိုသည်မှာ အတွေးနည်းပါးသော ပုဂ္ဂိုလ်များနှင့် သက်ဆိုင်သည်။

မေတ္တာ၊ ကရုဏာ မရှိက ဥပေက္ခာဆိုသော ဗြဟ္မစိုရ်

mgyoe.com

mgyoe.com


တရား လေးပါးကို နှလုံးသွင်းသူသည် ဗြဟ္မာကြီးများနှင့် တူသည်။ ဗုဒ္ဓအလိုကျ လုပ်ငန်းရှင်သည် ဆင်းရဲသူကို ပစ်မထား၊ နာဖျားသူကို ဆေးကုပေးသည်။ မျက်နှာငယ်သူကို အားပေးသည်။ အလုပ်လက်မဲ့ကို ထောက်ပံ့သည်။ စားစရာ မရှိသူကို ကျွေးမွေးသည်။ ဝတ်စရာ မရှိသူကို အဝတ်ဆင်သည်။ ထိုသို့လုပ်ရလို့ သူ့မှာ မဆင်းရဲ၊ မပင်ပန်း၊ ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ပါးပါး၊ တက်တက်ကြွကြွ ရှိသည်။ စားသုံးသူတွေ ကျေနပ်အောင်၊ အားရအောင် ဆောင်ရွက်သည်။ အမြတ်ရဖို့ ရည်ရွယ်ပြီး လုပ်ငန်းကို လုပ်ဆောင်သော်လည်း အမြတ်တစ်ခုတည်းသာ လုပ်ငန်း၏ အဆုံးစွန်သော ရည်မှန်းချက်မဟုတ်။

အာဏာရဖို့ အဓိကမဟုတ်၊ ဥစ္စာရှိဖို့ အဓိကမကျ၊ လူ့အဖွဲ့အစည်းကို အကျိုးပြုရေးသည်သာ အဆုံးစွန်သောပန်းတိုင် ဖြစ်သည်ဟု ဗုဒ္ဓအလိုကျ လုပ်ငန်းရှင်တစ်ဦးက ခံယူသည်။

❑

mgyoe.com

ပညာရှိသည်
အနည်းငယ်သောမီးကို နှုတ်ဖြင့်မှုတ်လျက်
ကြီးသော မီးပုံကြီးဖြစ်အောင် ပြုသကဲ့သို့
ကုန်သွယ်ရာ၌
ကျွမ်းကျင်လိမ္မာသော ပညာရှိသည်
အနည်းငယ်သောဥစ္စာဖြင့်
များသောဥစ္စာအခြံအရံတို့ကို
ဖြစ်စေ၏

mgyoe.com

mgyoe.com

စီးပွားရေးနယ်ပယ်၌
ဝီရိယသည်လည်း
ဥစ္စာဓန ကြီးပွားရာ ကြီးပွားကြောင်း
တိုးတက်ရာ တိုးတက်ကြောင်း
အကြောင်းတရားတစ်ခု ဖြစ်သည်

mgyoe.com

mgyoe.com

# ဗုဒ္ဓအလိုကျ လုပ်ငန်းရှင် (၂)

ကျွန်တော်နှင့် ချစ်ခင် ရင်းနှီးကြသော မိတ်ဆွေ အချို့က ဗုဒ္ဓအလိုကျ လုပ်ငန်းရှင်ကို ဖတ်ကြည့်ပြီးနောက် "ကဲဗျာ ခင်ဗျားပြောသလို ဗုဒ္ဓအလိုကျလည်း တစ်ခုမှ မဟုတ်ဘူး။ ဒါပေမယ့် ကြီးပွားနေကြတဲ့သူတွေ ရှိတာ ဘာပြောမလဲ" ဟု ကျီစယ်ကြပြန်ပါသည်။

မှန်ပါသည်။ ဗုဒ္ဓအလိုကျ မဟုတ်သူများလည်း ရှိပါသည်။ ဒေါ်ဝိဇ္ဇောသီ၏ သရုပ်ပြ ဓမ္မပဒကျမ်းတွင် ဆရာကြီး ဦးထွန်းလှိုင်က နိဒါန်းသွယ်၍ မိတ်ဆွေ တစ်ဦးက "လောကမှာ ရှေ့ပိုင်းရောက်နေသူ တချို့က ညသုံးလုံးတွေဗျ" ဟု ဆိုပြီး **ညစ်သောလူ၊ ညာသောလူ၊ ညံ့သောလူများ** ရှိကြောင်း ရေးသားထားပါသည်။ ရှေ့တန်းရောက်နေသူ အားလုံးတော့ မဟုတ်ပါ။ ဤသို့သော မတော်တလျော် ဖြစ်ရပ်မျိုး၊ လောကသဘာဝမျိုး

mgyoe.com

mgyoe.com

သည် ယခုခေတ်မှသာ ဖြစ်ပေါ်လာသည် မဟုတ်ပါ။ မြတ်ဗုဒ္ဓ ဘုရားရှင် လက်ထက်တော် အခါကပင် ရှိခဲ့ပုံ ရပါသည်။ ဓမ္မပဒ၌–

၁။ အရှက်မရှိသူ
၂။ ရဲတင်းသည့်ကျီးကဲ့သို့ အတင်းထိုးနှက်တတ်သူ
၃။ သူတစ်ပါးကို ထိခိုက် ပုတ်ခတ်တတ်သူ
၄။ ဟန်ရေးပြကောင်းသူ
၅။ ကိုယ်နှုတ်ကြမ်းတမ်းသူ
၆။ ညစ်ညမ်းယုတ်မာသူတို့သည် အရာရာ တွင် ကျယ် အသက်မွေး ချောင်လည်ကြသည်။

၁။ အရှက်ကြီးမားသူ
၂။ စင်ကြယ်သည့်အလုပ်ကိုသာ ရှာဖွေသူ
၃။ နှမြောတွန့်တိုခြင်း မရှိသူ
၄။ ကိုယ်နှုတ် နှစ်ပါး သိမ်မွေ့နူးညံ့သူ
၅။ စင်ကြယ်စွာ အသက်မွေး နေထိုင်လိုသူတို့သည် အောက်ကျ နောက်ကျ နေထိုင် စားသောက်ရေး ခက်တတ်ကြသည်ဟူ၍ ဟောကြား မှတ်တမ်း တင်ထားပါသည်။

ဓမ္မပဒ၊ ၁၈ မလဝဂ်၊ ၆ ရှူဠသာရိရဟန်း ဝတ္ထု တွင် အကျယ်ကို ရှုနိုင်ပါသည်။ ဤနေရာ၌ အကျယ်ကို မဖော်ပြလိုပါ။ ဖော်ပြရန်လည်း လိုမည်မထင်ပါ။ ကျွန်

mgyoe.com

တော်တို့ မျက်စိရှေ့၊ နားရှေ့တို့တွင် တွေ့မြင်ဖူးကြပြီး သား ဖြစ်ပါသည်။

ဗုဒ္ဓအလိုကျ မဟုတ်သော လုပ်ငန်းရှင်အချို့ ရှိကောင်း ရှိနိုင်ပါသည်။ သူတို့ သဘောအတိုင်းသာ ဖြစ်ပါသည်။ ကျွန်တော်တို့က ဗုဒ္ဓအလိုကျ လုပ်ငန်းရှင်ကို ဆက်ပါဦးမည်။

လူတို့ကျင့်ဝတ်ဟု ပြောစမှတ်ပြုအပ်သည့် သိင်္ဂါလောဝါဒသုတ်တွင် သခင့်ကျင့်ဝတ်၊ အလုပ်ရှင်ကျင့်ဝတ် ငါးပါးကို ဤသို့ ဖော်ပြထားပါသည်။

**'ဝစ္စာကျွေးမွေး၊ ပြုရေးစီးရင်၊ နာလျှင်ကုစေ၊ ၄ဝေရသာ၊ အခါကိုလွှတ် အရှင်ဝတ် မချွတ်ငါးခုသာ'**

(ညောင်တုန်းမြို့ ရွှေဟသာ်္ဘတောရတိုက် စံကျောင်းဆရာတော်ဘုရားကြီး၏ အပရိဟာနိယ အဖွင့်ခေါ် တိုးတက် ကြီးပွားရေးကျမ်း)

**၁။ ဝစ္စာကျွေးမွေး။** ။စားနိုင် သောက်နိုင် နေနိုင်လောက်သော လုပ်ခကို ပေးရပေမည်။ စားသောက်ရေး၊ နေထိုင်ရေး၊ သားသမီးရေး၊ ပညာရေး ပူပန် ကြောင့်ကြနေသူ ဤလုပ်ငန်းခွင်တွင် နေပြီး အခြားလုပ်ငန်းများသို့ စိတ်ရောက်နေသူ၊ ဤလုပ်ငန်းခွင်တွင် နေပြီး မိမိအလုပ်ကို စိတ်မဝင်စားဘဲ အခြားအလုပ်တွေကို စိတ်ဝင်စားနေ

mgyoe.com

mgyoe.com


သူ၊ ဤလုပ်ငန်းခွင်က ဝင်ငွေဖြင့် မလုံလောက်၍ ရှာဖို့ ကြံဖို့ ဖန်တီးဖို့ ကြိုးစားနေသူ အလုပ်သမားများကို တွေ့လျှင် အလုပ်ရှင်များ အနေဖြင့် ဤဆောင်ပုဒ်ကို ပြေးမြင် လိုက်စေချင်ပါသည်။

၂။ ပြုရေးစီရင်။ ။လုပ်နိုင်သော အလုပ်ကိုသာ လုပ်စေရမည်။ သင့်လျော်သော အချိန်၌သာ ခိုင်းရပါမည်။ ပိုက်ဆံပေးခိုင်းတာပဲ ဆိုပြီး ခိုင်းချင်တိုင်း ခိုင်း၍မဖြစ်။ မလုပ်နိုင်သော အလုပ်တွေကို ခိုင်းနေလျှင်လည်း အလုပ်မပြီးဘဲ အလုပ်ပျက်မည်။ သင့်လျော်သော အချိန်၌ မခိုင်းစေဘဲ စားချိန် နားချိန်မရှောင် ခိုင်းနေလျှင်လည်း ကြာကြာခံမည် မဟုတ်။

၃။ နာလျှင်ကုစေ။ ။ယခု ခေတ်စားနေသော ကျန်းမာရေး စောင့်ရှောက်မှုတို့၊ လူမှုဖူလုံရေးတို့ကို လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်ကပင် ဟောပြောခဲ့ပြီး၊ ခေတ်မီခဲ့ပြီး ဖြစ်ပါသည်။ လုပ်သားများ မကျန်းမာလျှင် အလုပ်ခွင် ထိခိုက်မည်။ ထုတ်လုပ်မှုစွမ်းအား ကျဆင်းမည်။ သူ့ဘာသာသူ နေမကောင်းတာ ငါနဲ့မဆိုင်ဟု သဘောထား၍ မရ၊ ငါနှင့် ဆိုင်ကိုဆိုင်သည်။ ငါ့အလုပ်ကို လုပ်ပေးနေသူ နေမကောင်းလျှင် ငါနေမကောင်းသလိုဟု သဘောထားရသည်။

mgyoe.com

၄။ ငွေဝေရသာ။ ။ထူးထူးခြားခြား စားစရာကလေး သိုစရာကလေးများ ရ၍ရလျှင်၊ မိမိချည်း မသုံးပါနှင့်ဝေငှပေးပါ။ လုပ်ငန်းကြီးပွားလျှင် ကြီးပွားသလို၊ လုပ်ငန်း တိုးတက်လျှင် တိုးတက်သလို၊ သူတို့လည်း ကြီးပွားပါစေ၊ တိုးတက်ပါစေ။ လုပ်ငန်းသည် ငါတို့၊ ငါတို့သည် လုပ်ငန်းဟူသော သဘောမျိုးကို အလုပ်သမားတွေ ထင်မြင်ခံယူလာအောင် 'လုပ်' 'ပေး' ပါ။ ကိုယ့်လုပ်ငန်းလို သဘောထားကြပါဟု ပြောပြီး အကျိုးခံစားစရာရှိလျှင် အလုပ်ရှင်သာ ခံစား၊ အနစ်နာ ခံစရာရှိလျှင် အလုပ်သမားတွေသာ အနစ်နာခံရက ကိုယ့်လုပ်ငန်းလို့ သဘောထားစရာ အကြောင်း မရှိပေ။

၅။ အခါကိုလွှတ်။ ။ဥပုသ်နေ့၊ အခါကြီး နေ့ရက်ကြီး အားလပ်ရက်များတွင် အလုပ်သမားကို ပိတ်ရက်၊ အားလပ်ရက်၊ ခွင့်ရက်များ ပေးရပါသည်။ ထိုမျှမကသေး အလုပ်သမား၏ ပညာ ဗဟုသုတ ကျွမ်းကျင်မှု တိုးပွားပါမှ လုပ်ငန်း အခြေအနေလည်း တိုးတက်လာမည်မို့ ပညာသင်ကြားခြင်း၊ သင်တန်းတက်ခြင်း ကိစ္စများကိုလည်း ခွင့်ပြုရသည်။ စက်ဘ်ပူနိုင်ငံ၌ အလုပ်သမားများအား ကျွမ်းကျင်မှုတိုးရေး၊ ပညာတိုးပွားရေး အတွက်

mgyoe.com

mgyoe.com

လုပ်ငန်းက အကုန်အကျခံ သုံးစွဲလျှင် အခွန်မလျှော့ ကောက်ကြောင်း လေ့လာ တွေ့ရှိရသည်။

နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းကြီးများကို ကြည့်လျှင် တစ်သက်လုံး ရောမ အမြတ်အစွန်းတွေ ရနေကြသည် မဟုတ်ပေ။ ရှုံးတစ်လှည့် မြတ်တစ်လှည့် ဖြစ်တတ်သည်။ တော်တော်လေး ကြိုးစား အားထုတ်ပါမှ ၁၀ ရာခိုင်နှုန်းလောက်သာ အမြတ်နှုန်းကို ရတတ်ကြသည်။ အမြတ်ကို တင်ချင်တိုင်းလည်း တင်၍မရ၊ စားသုံးသူတွေ၏ ဝယ်အားကို ချင့်ချိန်ရသည်။ ပြိုင်ဘက်တွေကို ကြည့်ရသည်။

ကွယ်လွန်သူ ရွှေမန်းဦးတင်မောင် ကျေးဇူးကြောင့် ရွှေကုန်သည်ဇာတ်ကို ကျွန်တော်တို့ ရင်းနှီးကြပြီး ဖြစ်ပါသည်။ ရွှေကုန်သည်တစ်ဦးက ပဲ၀က်မျှသော အခကြေးငွေကိုသာ ရွှေခွက်ကို ဈေးပေးသည်။ အခြား ရွှေကုန်သည်တစ်ဦးက အဖိုးတစ်သိန်း ထိုက်သည်ဟု အမှန်အတိုင်း အကဲဖြတ်သည်။ သို့သော် ရှိသမျှ အသပြာနှင့် ဥစ္စာစုစုပေါင်း တန်ကြေး ၁၀၀၀ ကိုသာ ပေး၍ ရသွားသည်။

ရွှေကုန်သည်ဇာတ်က တစ်နပ်စားကြသူများ၊ တစ်ပွဲတိုး ကြံသူများ၊ နောင်ခါလာ နောင်ခါဈေးဟု သဘောထားတတ်သော လူများ၊ လုပ်ငန်းရှင်များကို အမြဲတမ်း သတိပေးနေသည်ဟု ထင်ပါသည်။

mgyoe.com

နိုင်ငံတကာ စီးပွားရေး လုပ်ငန်းရှင်ကြီးများ အကြောင်းကို လေ့လာသည့်အခါ ခြေမဲ့လက်မဲ့ ဘဝမှ သန်းကြွယ်သူဌေး ဘဝသို့ တက်လှမ်းခဲ့ကြပုံများကို ကျွန်တော်တို့တစ်တွေ မကြာခဏ ကြားဖူး၊ ဖတ်ဖူးကြပါသည်။ ကြွက်သေတစ်ခု အရင်းပြု၍ လေးလအတွင်း၌ (ထိုခေတ်က) ငွေနှစ်သိန်း ကြွယ်ဝသွားသူ စူဠသေဋ္ဌိ သူဌေး အကြောင်းကို ကျွန်တော်တို့ မေ့နေကြသည်။ လုပ်ရည်ကိုင်ရည် ရှိပါလျက်၊ ကြံရည်ဖန်ရည် ရှိပါလျက် အရင်းအနှီး မရှိ၍၊ အရင်းအနှီး နည်း၍ လုပ်ကိုင်မရ ကြောင်း ညည်းတွားသံများကိုလည်း ကြားဖူးပါသည်။ အရင်းအနှီး၊ ဈေးကွက်ဖွံ့ဖြိုးရေး၊ စတော့ဈေးကွက် ပေါ် ပေါက်ရေး ကြိုးစား အားထုတ်နေကြသည့် အသံတွေ လည်း ကြားနေရသည်။ ထိုသူတို့နှင့် ယှဉ်လျှင် စူဠသေဋ္ဌိ သူဌေးလောင်းက အရင်းအနှီး ပိုနည်းပေလိမ့်မည်။

ဗာရာဏသီပြည်၊ ကာသိတိုင်းက စူဠသူဌေးသည် လမ်းပေါ်၌ ကြွက်သေတစ်ကောင် တွေ့သောအခါ ပညာ ဉာဏ်ရှိသူ အမျိုးသားသည် ဤကြွက်သေကို ယူ၍ ကြီးပွားနိုင်သည်ဟု ပြောသည်။ သူ့စကားကို ကြားသော ဆင်းရဲသား တစ်ယောက်က ကြွက်သေကိုယူ၍ ကြောင် စာအဖြစ် ဈေး၌ရောင်းသည်။ ရသောငွေဖြင့် တင်လဲ ဝယ် သည်။ အိုးတစ်လုံးဖြင့် ရေခပ်သည်။ ပန်းသည်တွေကို ရေနှင့် တင်လဲတို့ဖြင့် ဧည့်ခံသည်။ ပန်းသည်တွေက

mgyoe.com

mgyoe.com

ပန်းတွေ ပြန်ပေးကြသည်။ သူက ပန်းတွေ ပြန်ရောင်းသည်။

ကလေးများကို တင်လဲကျွေး၍ စုစည်းပြီး လေကျ၍ ကျိုးပဲ့သော သစ်ပင်များကို ရှင်းလင်းသည်။ ထင်းအဖြစ် ပြန်ရောင်းသည်။

မြက်ရိတ်သမားတို့ကို ကျွေးမွေးဧည့်ခံ ပေါင်းသင်းပြီး မြက်ကုန်သွယ်မှုကို လက်ဝါးကြီး အုပ်နိုင်သည်။

လေးလအတွင်း အသပြာနှစ်သိန်း ပိုက်နိုင်သည့် ဖြစ်ရပ်ကို ကြည့်လျှင် အရင်းအနှီး နည်းသော်လည်း ထထကြွကြွ လုံ့လဝီရိယ ရှိခြင်း၊ အကွက်ကောင်းကို မြင်၍ အခွင့်အလမ်းကို ရအောင်ယူနိုင်ခြင်း၊ ဆက်ဆံရေး စည်းရုံးရေး ကောင်းခြင်း စသည့် အရည်အချင်းကောင်းများကို တွေ့ရသည်။

ဓမ္မပဒလာ ဂါထာ၌–

'ပညာရှိသည် အနည်းငယ်သော မီးကို နှုတ်ဖြင့် မှုတ်လျက် ကြီးသော မီးပုံကြီးဖြစ်အောင် ပြုသကဲ့သို့ ကုန်သွယ်ရာ၌ ကျွမ်းကျင်လိမ္မာသော ပညာရှိသည် အနည်းငယ်သော ဥစ္စာဖြင့် များသောဥစ္စာ အခြံအရံတို့ကို ဖြစ်စေ၏' ဟု ဆိုထားပါသည်။

တစ်ခု ဆိုစရာရှိသည်မှာ အနည်းငယ်သော မီးကို မီးပုံကြီးဖြစ်အောင် ပြုသကဲ့သို့ အရင်းအနှီး အနည်းငယ်ဖြင့် အရင်းအနှီး များအောင် ဆောင်ရွက်ရသည်ဟု ညွှန်း

mgyoe.com

ထားပါသည်။ လုံး၀ မီးမရှိဘဲ မီးပုံကြီး ဖြစ်မလာနိုင်ပါ။ မီးစမီးနပဟူသော အရင်းအနှီး ရဖို့ကတော့ မိမိ၏ ကာယလုပ်အားကို လည်းကောင်း၊ ဉာဏလုပ်အားကို လည်းကောင်း အရင်းတည်ပြီး ရှာဖွေရပါလိမ့်မည်။

အရင်းအနှီး တိုးပွားဖို့ ကြံစည်ရာတွင် ဉာဏ်ပညာနှင့် ဝီရိယတို့ အလွန် အရေးပါသည်ကို လုပ်ငန်းရှင်တိုင်း ကိုယ်တွေ့ ကြုံပြီးသား ဖြစ်ပါလိမ့်မည်။ စူဠသေဋ္ဌိ ဇာတ်တော်၌ ကုန်သွယ်ရေးကို ကျွမ်းကျင်သော ပညာ၊ ဖောက်သည်ရအောင် ယူနိုင်သော ပညာ၊ စျေးကွက်ကို ထိန်းချုပ်နိုင်သော ပညာ၊ ဆက်ဆံရေး ပညာတွေ အရေးပါကြောင်း ညွှန်ပြနေသည်ဟု ကျွန်တော် နားလည်မိပါသည်။

❖

ဝဏ္ဏုပထ ဇာတ်တော်၌ သဲကန္တာရ အလယ်တွင် ရေပြတ်၍ ဝီရိယကို လျှော့ချကြစဉ် နေဇာမြက် ပေါက်သည်ကို မြင်၍ ထိုနေရာ၌ အတောင်ခြောက်ဆယ်ခန့် ရောက်အောင် တူးကြသည်။ အတောင်ခြောက်ဆယ် အရောက်တွင် ကျောက်ဖျာတွေ့၍ ရပ်ကြသည်။ ဘုရားအလောင်းက ကျောက်ဖျာအောက်မှ ရေစီးသံကို ကြားသဖြင့် ဆက်တူးခိုင်းသည်။ ထိုအခါ ရေတာ၀ကြီး သုံးကြ၊ ချိုးကြရသည်။

mgyoe.com